# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
# အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ၊ စက်ဆန်းမိသားစု ဝန်ထမ်းအိမ်ရာဝင်းအတွင်း တည်ဆောက်ပြီးစီးသည့် Multi Function Assembly Hall အဆောက်အဦတွင် Main Power Distribution Panel တပ်ဆင်ခြင်း၊ Power Supply Wire များတပ်ဆင်ခြင်း၊ လေအေးပေးစက်များ Installation ပြုလုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသည်။ အထက်ပါ လုပ်ငန်းအတွက် ဆောင်ရွက်ရမည့် ခန့်မှန်းခြေ စာရင်းများကို တင်ဒါပုံစံတွင် ပူးတွဲထားပါသည်။ အထက်ပါ လုပ်ငန်း အတွက်လုပ်ခနှုန်းထားများ၊ လုပ်ငန်းရှင်မှ စိုက်ထုတ် ဆောင်ရွက်ရမည့် ပစ္စည်းများ၏ နှုန်းထားများကို တွက်ချက်၍ ဈေးနှုန်း တင်သွင်းလွှာ ပုံစံတွင် ဖြည့်စွက်ပြီး ပစ္စည်းနှင့်လုပ်အားခ ဆိုဈေးနှုန်းများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ လုပ်ငန်းရှင်များသည် ဖော်ပြပါလုပ်ငန်းကို စိတ်ဝင်စားပါက သတ်မှတ်ထားသည့်ပုံစံတွင် ပစ္စည်း နှင့် လုပ်ခ ဆိုဈေးများကို တွက်ချက်ဖော်ပြ၍ စာအိတ်ဖြင့်ချိတ်ပိတ် တင်သွင်းနိုင်ပါသည်။

၃။ ဆိုဈေးနှုန်းတင်သွင်းရာတွင် ငွေကျပ် ၁,၅၀,၀၀၀/-(ကျပ်တစ်သိန်းငါးသောင်းတိတိ) ကို တင်ဒါစပေါ်ငွေအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးသွင်းရမည်။ စပေါ်ငွေပေးသွင်းထားသည့် ငွေရပြေစာ မိတ္တူ သို့မဟုတ် ချလံ မိတ္တူအား တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည်။

၄။ ကန်ထရိုက်လုပ်ငန်းအတွက် ဆိုဈေးနှုန်းတင်သွင်းရာတွင် ပစ္စည်းနှင့်လုပ်အားခ ဆိုဈေး တင်သွင်းရမည့် ပုံစံများနှင့် တင်ဒါစည်းကမ်းချက်ပါ စာရွက်စာတမ်းများကို ယနေ့မှစ၍(၂၂-၆-၂၀၂၃) နေ့ရက် အတွင်း (ရုံးဖွင့်ရက်) ရုံးချိန်များ၌ အပိုဒ်(၅)(က)ပါလိပ်စာတွင် တစ်စောင်လျှင် ၂၀၀၀/- ဖြင့် ဝယ်ယူနိုင်ပါသည်။

၅။ ဆိုဈေးနှုန်းတင်သွင်းမှုဆိုင်ရာ အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဆိုဈေးနှုန်းတင်သွင်းရမည့်ရုံးလိပ်စာနှင့် - လျှပ်စစ်ဌာနခွဲ၊ စက်မှုအင်ဂျင်နီယာဌာန
အမှတ်(၅၅၇/၅၅၉)၊ ကန်နားလမ်း၊ ဆိပ်ကမ်းမြို့နယ်
ဖုန်းနံပါတ်- ၀၁-၈၆၁၀၂၂၁

လိပ်မူရမည့်ပုဂ္ဂိုလ် - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

(ခ) စပေါ်ငွေပေးသွင်းရမည့်
နောက်ဆုံး နေ့ရက်/ အချိန် - (၂၂-၆-၂၀၂၃) ရက် ( ၁၁ : ၀၀ ) နာရီ
နေရာ - စာရင်းဌာန(မြေညီထပ်)၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

(ဂ) ဆိုဈေးနှုန်းလွှာတင်သွင်းရမည့်
နောက်ဆုံးနေ့ရက်/အချိန် - (၂၂-၆-၂၀၂၃) ရက် ( ၁၂ : ၀၀ ) နာရီ

(ဃ) ဆိုဈေးနှုန်းဖွင့်လှစ်မည့်နေ့ရက်/အချိန် - (၂၂-၆-၂၀၂၃) ရက် ( ၁၃ : ၀၀) နာရီ
နေရာ - သင်တန်းခန်းမ
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)
အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း ၊ ရန်ကုန်မြို့

၆။ တင်ဒါစိစစ်ရေးကော်မတီသည် ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့်ဈေးနှုန်းလွှာကိုဖြစ်စေ၊မည်သည့်ဈေးနှုန်းလွှာကိုဖြစ်စေ လက်ခံခြင်း မပြုသင့်ဟု ယူဆလျှင် ပယ်ဖျက်ခွင့်ရှိသည်။

၇။ အထက်ဖော်ပြပါလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ရုံးချိန်၌ သက်ဆိုင်ရာ ရုံးတွင် လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**